# ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးချိုးဖောက်မှုများ၏ နေ့စွဲမှတ်တမ်းများ

## ဖေဖော်ဝါရီလ ၁ ရက်နေ့ ၂၀၂၁

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ အရုဏ်မတက်မီတွင် မဲမသမာမှုကို အကြောင်းပြ၍ သက်သေအထောက်အထားမရှိဘဲ တပ်မတော်မှအာဏာသိမ်းခဲ့သည်။ အာဏာသိမ်းခေါင်းဆောင်မင်းအောင်လှိုင်သည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် NLD အစိုးရကို ဖြုတ်ချရန် စီစဥ်ခဲ့ပြီး ပါတီ၏ အကြီးတန်းခေါင်းဆောင်များကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ တစ်ခြားသောသူများသည် ပြည်ပသို့ ထွက်ပြေးခဲ့ရသည်။

## မတ်လ ၁၄ ရက်နေ့ ၂၀၂၁

စစ်အာဏာသိမ်းပြီးနောက် ဆန္ဒပြပွဲများ စတင်ဖြစ်ပွားချိန်မှစ၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် အရပ်သား ၅၀ ထက်မနည်းသေဆုံးခဲ့၍ အများအပြား ထိခိုက်ဒဏ်ရာရခဲ့သည့်အတွက် လူအသေအပျောက် အများဆုံး အကြမ်းဖက်မှုဖြစ်သည်။ စက်ရုံ ၅ ရုံခန့်လည်း ပျက်ဆီးခဲ့သည်။

## မေလ ၁၉ ရက်နေ့ ၂၀၂၁

ကရင်ပြည်နယ် မူတြော်ခရိုင်အတွင်း အကြမ်းဖက်စစ်တပ်မှလေကြောင်းဖြင့်တိုက်ခိုက်မှုကြောင့် ကျေးလက်နေ လူဦးရေ ၉၀ % ကျော်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် လူပေါင်း ၇၀၀၀၀ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

## ဖေဖော်ဝါရီလ ၁၉ ရက်နေ့ ၂၀၂၁

ဖေဖော်ဝါရီလ ၉ ရက်နေ့ နေပြည်တော်တွင် ဆန္ဒပြသူများကို ပစ်ခတ်ဖြိုခွဲမှုကြောင့် အသက် (၁၉)နှစ်အရွယ် မမြသွဲ့သွဲ့ခိုင်သည် ဦးခေါင်းတွင် ကျည်ထိမှန်ခဲ့ပြီး စစ်အာဏာသိမ်းပြီးနောက် ပထမဦးသေဆုံးခဲ့သည့် အရပ်သားဖြစ်လာသည်။

## ဧပြီလ ၁၉ ရက်နေ့ ၂၀၂၁

အာဏာသိမ်းစစ်အာဏာရှင်သည် လွတ်လပ်ပြီး တရားမျှတသော သတင်းများကို တင်ပြပေးနေသည့် သတင်းဌာနများကို ပိတ်ပင်ထားဆီးခြင်း အပြင် သတင်းသမားများကို ဖမ်းဝရမ်းထုတ်ထားသည့်အရေအတွက် တိုးလာခြင်းနှင့် ပစ်မှတ်ထားဖမ်းဆီးချုပ်နှောင်ထားခြင်းတို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် နယ်စည်မခြားသတင်းထောက်များအဖွဲ့မှ တောင်းဆိုခဲ့သည်။

## ဇွန်လ ၂ ရက်နေ့ ၂၀၂၁

စစ်ကိုင်းတိုင်း ဒေသကြီး NLD ရှေ့နေ ဦးမြင့်သိန်းကို မနက် ၁၁ နာရီ ၃၀ ဝန်းကျင် ရွာတောင်ရှိ နေအိမ်တွင် အကြမ်းဖက်စစ်တပ် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထိုနေ့နောက်ပိုင်းတွင်ပင် အကြမ်းဖက်စစ်တပ်သည် မန္တလေးတိုင်း မိုးကုတ်မြို့နယ် ညောင်ခေါင်းကျေးရွာမှ အုပ်ချုပ်ရေးမှူးဟောင်း ဦးမော်ရှီကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

## ဇွန်လိုင်လ ၁၂ ရက်နေ့ ၂၀၂၁

အကြမ်းဖက်စစ်တပ်၏ ရိုဟင်ဂျာနှင့် တစ်ခြား တိုင်းရင်းသားများအပေါ် လူ့အခွင့်အရေးအချိုး ဖောက်မှုများကို ပြင်းထန်စွာရှုတ်ချခဲ့ပြီး ပြန်လည် သင့်မြတ်ရေး လုပ်ငန်းစဉ်များအတွက် ကုလသမဂ္ဂလူ့ အခွင့်အရေးကောင်စီမှ တောင်းဆိုခဲ့သည်။

## ဩဂုတ်လ ၁၄ ရက်နေ့ ၂၀၂၁

ကရင်နီလူမှုအဖွဲ့၏ အဆိုအရ ဒီမောဆိုမြို့နယ် ဒေါ ဒလေးနှင့် ထီးဖိုးကလိုးကျေးရွာမှ အသက် ၁၅ နှစ် အရွယ် ကလေးသူငယ်တစ်ဦးအပါဝင် ဒေသခံ ၄ ဦး သည် စစ်ရှောင်စခန်းမှ စားနပ်ရိက္ခာပြန်ယူရန် ရွာထဲ သို့ပြန်သွားစဉ် ဖမ်းဆီးခံခဲ့ရသည်။

## စက်တင်ဘာလ ၂၂ ရက်နေ့ ၂၀၂၁

ပြည်တွင်းနှင့် နိုင်ငံတကာ တရားရုံးတို့တွင် တရား မျှတမှုရရှိရန် ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းမှ စတင်၍ လူ့အခွင့်အရေးချိုးဖောက်မှုပေါင်း ၄၀၀ ကျော်ကို မှတ်တမ်းတင်ထားကြောင်း အမျိုးသား ညီညွတ်ရေးအစိုးရ NUG မှ ထုတ်ပြန်ခဲ့သည်။

## ဇွန်လိုင်လ ၁၆ ရက်နေ့ ၂၀၂၁

အကြမ်းဖက်စစ်တပ်သည် ကိုဗစ်-၁၉ ကူးစက်ရောဂါ တုန့်ပြန်ကာကွယ်ရေးလုပ်ငန်းကို လုံလောက်စွာ တုံ့ပြန်ရန် ပျက်ကွက်ခဲ့မှုနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့်ပြစ်မှု ကျူးလွန်သည်ဟု အမျိုးသား ညီညွတ်ရေးအစိုးရ NUG မှ စွပ်စွဲပြစ်တင်ခဲ့သည်။

## စက်တင်ဘာလ ၇ ရက်နေ့ ၂၀၂၁

အမျိုးသားညီညွတ်ရေးအစိုးရ NUG မှ ခုခံတော်လှန် ရေး စတင်ပြီဖြစ်ကြောင်း ကြေငြာခဲ့သည်။

## အောက်တိုဘာလ ၁၄ ရက်နေ့ ၂၀၂၁

ဒေါ်အောင်ဆန်းစုကြည်သည် ဖမ်းဆီးထိန်းသိမ်းခြင်း ခံထားရပြီး တရားရင်ဆိုင်နေရသောကြောင့် အာဆီယံ အထူးသံတမန် Erywan Yusol အား သူမနှင့် တွေ့ဆုံ ခွင့်မပြုကြောင်း အကြမ်းဖက်စစ်အာဏာရှင်မှ ကြေငြာခဲ့သည်။

## အောက်တိုဘာလ ၂၉ ရက်နေ့ ၂၀၂၁

NLD ပါတီ၏ နယကကြီး ဦးဝင်းထိန်အား ရာဇသတ်ကြီးပုဒ်မ ၁၂၄ (က) စွဲချက်ဖြင့် ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခဲ့သည်။

## နိုဝင်ဘာလ ၂၂ ရက်နေ့ ၂၀၂၁

ဂျပန်အခြေစိုက် နိုင်ငံတကာလုပ်ငန်းကြီး တစ်ခုဖြစ်သည့် ကီရင်ကုမ္ပဏီမှ စစ်တပ်နှင့် စီးပွားရေးမိတ်ဖက်အဖြစ်မှ လက်တွဲဖြုတ်ရန် ဥပဒေကြောင်းအရ စီစဉ်နေကြောင်း ကြေငြာပြီးနောက် ကီရင်ကုမ္ပဏီသည် စာချုပ်ကို ဖောက်ဖျက်ခဲ့ကြောင်း မြန်မာစီးပွားရေး ဦးပိုင်လီမိတက် (MEHL)မှ စွပ်စွဲခဲ့သည်။

## နိုဝင်ဘာလ ၂၉ ရက်နေ့ ၂၀၂၁

နိုင်ငံတကာရဲတပ်ဖွဲ့၏ ညီလာခံကို စစ်ကောင်စီ၏ ကိုယ်စားလှယ်အား တက်ရောက်ခွင့်မပြုရန် အောင်တာပိုလ် အဖွဲ့သို့ မြန်မာအရပ်ဘက်အဖွဲ့အစည်းပေါင်း ၂၅၀ ကျော်မှ တောင်းဆိုခဲ့သော်လည်း အာဏာသိမ်းစစ်တပ်သည် အစည်းအဝေးတက်ရန်ဖိတ်ကြားခံခဲ့ရပြီး ညီလာခံကိုတက်ရောက်ခဲ့သည့် ပုံများ လူမှုကွန်ရက်တွင် ပျံ့နှံ့ခဲ့သည်။

## ဒီဇင်ဘာလ ၃ ရက်နေ့ ၂၀၂၁

ကုလသမဂ္ဂ၏ လေ့လာဆန်းစစ်ချက်အရ မြန်မာနိုင်ငံမှလူဦးရေလူဦးရေ ၁၄ သန်းသည် ဆင်းရဲမွဲတေမှုဒဏ်ကို ကြုံတွေ့နိုင်ဖွယ်ရှိပြီး ကလေးသူငယ် ၅ သန်းကျော်သည် လာမည့် ၂၀၂၂ ခုနှစ်တွင် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများလိုအပ်မည်။

## ဒီဇင်ဘာလ ၆ ရက်နေ့ ၂၀၂၁

ကုလသမဂ္ဂအထွေအထွေညီလာခံတွင် စစ်အာဏာရှင်၏ ကုလသမဂ္ဂကိုယ်စားလှယ်အား သံအမတ်ခန့်အပ်ခြင်းကို နိုင်ငံတကာမှ အသိအမှတ်ပြုရန် ဆိုင်းငံ့လိုက်သည့်ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပြီး နိုင်ငံတကာအသိုင်းအဝိုင်းတွင် စစ်အာဏာရှင်၏ မြန်မာနိုင်ငံကိုယ်စားပြုမှုကို ထိထိရောက်ရောက်ငြင်းပယ်ခဲ့သည်။

## ဒီဇင်ဘာလ ၂၄ ရက်နေ့ ၂၀၂၁

အမှတ် (၁၀၈ ) ခြေမြန်တပ်ရင်းမှ မိုဆိုကျေးရွာအတွင်းဝင်ရောက်ကာ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် Save The Children မှ ဝန်ထမ်း၂ ဦးအပါအဝင် ဒေသခံ ၄၀ ဦးကိုဖမ်းဆီးကာ လက်နောက်ပြန်ကြိုးတုပ်၍ မီးရှို့သတ်ဖြတ်ခဲ့သည်။

## ဇန်နဝါရီလ ၅ ရက်နေ့ ၂၀၂၂

လွတ်လပ်တဲ့အာရှအသံ၏ သတင်းထုတ်ပြန်ချက်အရ အသက်၉ လမှ ၁၈ နှစ်အရွယ် ကလေးသူငယ်ပေါင်း ၂၅၅ ဦးသည် အကြမ်းဖက်စစ်ကောင်စီ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကိုခံနေရသည်။

## ဇန်နဝါရီလ ၁၂ ရက်နေ့ ၂၀၂၂

စစ်အာဏာရှင် လက်ထက်တွင် အခွန်ငွေသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ကျဆင်းသွားပြီး ဝင်ငွေ ၃၅ ရာခိုင်နှုန်း သုံးပုံတစ်ပုံကျော် ကျဆင်းသွားသည်။ အရပ်သားများ၏ အဓိက ခုခံမှုပုံစံများထဲမှ တစ်ခုမှာ လူသတ်စစ်ကောင်စီအား မီတာခ မဆောင်ခြင်းဖြစ်သည်။

## ဇန်နဝါရီလ ၂၂ ရက်နေ့ ၂၀၂၂

ရေနံကုမ္ပဏီများဖြစ်သော Chevron Corp နှင့် Total Energies တို့မှ လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုဆိုးရွားလာသောကြောင့် မြန်မာနိုင်ငံမှ ထွက်ခွာတော့မည်ဟု ကြေငြာခဲ့သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများကို ရုပ်သိမ်းရန် လပေါင်းများစွာ ဖိအားပေးမှုများ တိုးလာခဲ့သည်။



မြန်မာနိုင်ငံတွင် ကျူးလွန်နေသော ရာဇဝတ်မှုများအတွက် လက်ရှိအခြေအနေ၏ အရေးပေါ်အခြေအနေနှင့် ကိုက်ညီသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းတုံ့ပြန်မှုအတွက်  နိုင်ငံတကာမှ အရေးယူဆောင်ရွက်ရန် လိုအပ်သည်။ မြန်မာစစ်ဗိုလ်ချုပ်ကြီးများသည် ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို ကြာမြင့်စွာ ခံစားခဲ့ရသည့်အတွက်  အကြမ်းဖက်မှုများ ပိုမိုကျူးလွန်ရန် တွန်းအားပေးနေခဲ့သည်။

အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန်၊ ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့မှုပိတ်ဆို့ရေး နှင့် ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန် ကျွန်ုပ်တို့ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ အလေးပေးတောင်းဆိုလိုက်သည်။